# ခရစ်တော်အားဖြင့် ရရှိသော အောင်မြင်ခြင်း ရဲ့အသက်တာ



# ခရစ်တော်ရဲ့ဧဝံဂေလိသတင်းကောင်း

လောကီသားတွေကိုသေခြင်းတရားရဲ့လက်အောက်ကနေလွတ်
ငြိမ်းဘို့ဖြစ်ပြီးခရစ်တော်ထံသို့ရောက်ရှိသောအသက်တာ

**(iTract)**มูลนิธิปันรัก **(Pan Rak Foundation)**မှ
ထုတ်ဝေဖြန့်ချီသည်။

**(smartphone)**ဖြင့်အသုံးပြု လို့ရရန်ဖြစ်သည်။

กนกบรรณสาร **(OMF Publishers)**မှပုံများကိုအသုံးပြု ပါသည်။

FREE RANGER BURMA
Free the Oppressed

มูลนิธิ ฟรี เดอะ โอเพรซท
FREE THE
OPPRESSED

အသုံးပြု သောဘာသာစကားသည်နားလည်လွယ်သောစကား
ဖြစ်သည်။ရိုးရိုးသာမန်လူတွေဖတ်ရှုနားလည်ဖို့အတွက်ဖြစ်သည်။
ခရစ်ယာန်ကျမ်းစကားအားဖြင့်မသုံးဘဲနဲ့မယုံကြည်သူများအတွက်
ရည်စူးပြီးတော့ဖတ်ရှုနားလည်သဘောပေါက်ဖို့အတွက်ဖြစ်တယ်။


ဤစာအုပ်သည်အခမဲ့ထုတ်ဝေဖြန့်ချီခြင်းသာဖြစ်တဲ့အတွက်
အသင်းအဖွဲ့တစုစုအတွက်သော်၎င်းမိတ်ဆွေသူငယ်ချင်းများဘို့
အတွက်သော်၎င်းရည်စူးပြီးတော့ထုတ်ဝေခြင်းဖြစ်သည်။
(ရောင်းဘို့မဟုတ်ပါ)


ဆက်သွယ်ရမဲ့နေရာ

**Phone:0871873557**

**Thailand Karen Baptist Convention**

**Email: deeprateep@gmail.com**



# ဘုရားသခင်ရဲ့ဖန်ဆင်းခြင်း

အစအဦး၌ကောင်းကင်နှင့်မြေကြီးကိုဘုရားသခင်ဖန်ဆင်းတော်မူ၏။ (ကမ္ဘာဦးကျမ်း၁း၁)
ခရစ်ယာန်တွေရဲ့ယုံကြည်ချက်ကတော့ ကောင်းကင်နဲ့မြေကြီးသက်ရှိ သက်မဲ့မြင်နိုင်သောအရာမမြင်နိုင်သောအရာမှအစဘုရားသခင်ရဲ့အသံတော်အားဖြင့်ဖန်ဆင်းတော်မူ၏။

# ကမ္ဘာမြေကြီး၌ဖန်ဆင်းသမျှသောအရာသည်ကောင်း၏။

ဘုရားသခင်ဖန်ဆင်းသမျှသောအရာသည်ကောင်း၏။ (ကမ္ဘာဦး၁း၃၁)

# ဒါပေမဲ့လူတွေကဘုရားစကားနားမထောင်ဘဲအပြစ်တွေလုပ်ခဲ့တယ်.

ဘုရားသခင်သည်လူတွေကိုလွတ်လပ်ခွင့်ပေးပြီးသူတို့ဆန္ဒအလျောက်ရွေးချယ်ခွင့်ပေးခဲ့တယ်အာဒံဥယျာဉ်ထဲမှာရှိတဲ့အပင်တွေရဲ့အသီးကိုစားနိုင်တယ်ဒါပေမဲ့ဥယျာဉ်ရဲ့အလယ်ခေါင်မှာရှိတဲ့ကောင်းမကောင်းသိတတ်သောအပင်ကိုတော့မစားနဲ့စားတဲ့နေ့မှာသေလိမ့်မယ်.
(ကမ္ဘာဦးကျမ်း၂း၁၆-၁၇)
စာတန်ရဲ့လှည့်ဖျားမှုကြောင့်ဘုရားသခင်ပြောခဲ့တဲ့စကားကိုနားမထောင်ဘဲစာတန်ပြောခဲ့တဲ့စကားကိုယုံစားမိတယ်. ၍အသီးကိုစားလျှင်ဘုရားလိုဖြစ်မယ်. လူတွေကလည်းဘုရားဖြစ်ခြင်တဲ့အတွက်ထိုအသီးကိုစားမိတယ်.ထိုအသီးကိုစားမိပြီးနောက်အဂတ်အချည်းစည်းဖြစ်နေတဲ့အတွက်ရှက်ကြောက်ပြီးပုံးနေကြတယ်. (ကမ္ဘာဦးကျမ်း ၃း၁-၈)
ဘုရားသခင်ကအာဒံကိုမေးတယ် သင်သည်ငါပညတ်ထားသောသစ်ပင်တပင်ရဲ့အသီးစားမိပြီလား?
အာဒံကပြောတယ် ဘုရားသခင်အပ်ပေးတော်မူသောမိန်းမသည်ထိုအပင်၏အသီးကိုပေး၍အကျွန်ုပ်စားမိပါပြီး မိန်းမကလည်းမြွေသည်ကျွန်တော်မကိုလှည့်စား၍ကျွန်တော်မစားမိပါပြီး (ကမ္ဘာဦးကျမ်း ၃း၁၁-၁၂)



# အပြစ်အတွက်ကြောင့်လူတွေဆင်းရဲဒုက္ခနှင့်
# ကြိမ်ခြင်းအမင်္ဂလာကိုခံစားခဲ့ရပါ၏

## လူတွေဝိညာဉ်သေသွားပြီး

ပညတ်တော်မရှိလျှင် အပြစ်လည်းမရှိ ပညတ်တော်ရှိလာလျှင်လည်း
လူတွေက ပညတ်တော်အတိုင်းမလိုက်လျှောက်တဲ့အတွက်အပြစ်ရှုတန်
ခိုးအောက်မှာကျရောက်သွားတယ် အပြစ်တရား၏အစကားသေခြင်းပေ
တည်း။ လူတွေဝိညာဉ်သေသွားပြီ(ရောမ ၇း၉)လူတွေကဘုရားစကားကို
နားမထောင်တဲ့အတွက်အပြစ်လုပ်မိခြင်းဖြစ်တယ်. (ဧဖက် ၂း၁).

## လူတွေကဘုရားနဲ့ဝေးကွာသွားခြင်း


လူတွေကပညတ်တော်ကိုလွန်ကြူးမိတဲ့အတွက်ကြောင့်ဘုရား
သခင်နဲ့မိတ်သဟာရဖွဲ့မှု ကပြတ်တောက်သွားပြီးလူနဲ့ဘုရား
ကြားမှာချောက်ကြီးသဖွယ်ခြားသွားပြီ.(လုကာ ၁၆း၂၆)
လူတွေကအပြစ်ကိုလုပ်မိတဲ့အတွက်ဘုရားသခင်ကိုရှက်ကြောက်ပြီး
ပုန်းနေရတယ်. အဲဒါကြောင့်ဘုရားနဲ့မိတ်သဟာရဖွဲ့မှုပြတ်တောက်သွား
တယ်. (ဟေရှာယ ၅၉း၂)



# လူတွေတည်ထွင်ကြံဆတဲ့လမ်းနဲ့ဘုရားဆီမရောက်နိုင်

လူတွေဘုရားဆီရောက်ဖို့အတွက်နည်းလမ်းပေါင်းစုံတည်ထွင်ကြံဆနေကြတယ်.
ဒါနကုသိုလ်တွေလုပ်ကြတယ်. ယဇ်ပူဇော်ခြင်းအမှုတွေပြု ကြတယ်ဒါပေမဲ့ဘုရားဆီမရောက်နိုင်.အကြောင်းကအပြစ်တွေလုပ်သေးသည့်အတွက်ကြောင့်ဖြစ်တယ်. လူနဲ့ဘုရားကြားဝေးကွာလှတဲ့ချောက်ကြီးကိုကြိုးစားပြီးတံတားခင်းတာနဲ့တူတယ်ဒါပေမဲ့မဖြစ်နိုင်ဘူး အကြောင်းမူကားဘုရားသခင်ရဲ့နိုင်ငံတော်သည်သန့်ရှင်း၏ စင်ကြယ်၏ အပြစ်သားတွေမဝင်ရောက်နိုင်အကြောင်းက အပြစ်တန်ခိုးရှိလက်အောက်ရှိနေသေးတဲ့အတွက် လူတွေကအကောင်းကိုမလုပ်နိုင်ဘုရားရဲ့ရှေ့မှာလုပ်သောကောင်းမှုကုသိုလ်တွေကညစ်သောအဝတ်စုတ်နဲ့တူတယ် ထို့ကြောင့်ငါတို့သည်အပြစ်တရားကြောင့်သစ်ရွက်ချောက်ကဲ့သို့ရင်းလေတိုက်လွင့်သွားသောဖွဲ့ကဲ့သို့ရင်းတူ၏ ဟေရှာယ ၆၄း၆

ပညတ်တရားသည်လူတို့ကောင်းသောအရာလုပ်ဖို့အတွက်မစွမ်းဆောင်နိုင် လူတွေပညတ်တရားအတိုင်းလိုက်ရှောက်သည်မလိုက်ရှောက်နိုင်သည်ကိုညွှန်ပြသောအရာဖြစ်တယ်ႉ ဒါပေမဲ့လူတွေပညတ်တရားအတိုင်းမလိုက်ရှောက်နိုင် လူတွေတယောက်ချင်းစီတယောက်ချင်းစီအပြစ်တန်ခိုးရဲ့လက်မှာဘဲရှိနေသေးတာကိုပြညွှန်ခြင်းဖြစ်တယ်ႉ
(ရောမ ၃း၂၀ႉ ဖေက် ၂း၈–၁၀ႉ)



# လူတွေရဲ့စိတ်နှလုံးကညစ်ညမ်းနေတယ်


လူတွေရဲ့စိတ်ကလိမ်လည်လှည့်ဖျားခြင်းနဲ့ပြည့်နှက်နေတယ်.
ဘယ်လိုမှကုစားလို့မရဘူးဆိုဘယ်သူကသိမြင်နိုင်မှာလဲ?
ယေရမိ ၁၇း၉

ကျမ်းစာတော်မြတ်ဆိုထားသကဲ့သို့လူတွေကဘုရားသခင်ရဲ့စိတ်နှလုံးတော်ကိုတွေ့ထိဘို့ဘယ်သူကဦးတယောက်မှမလုပ်နိုင်. ရောမ ၃း၁၁


နှလုံး - လူအတွင်းနှလုံးထဲကမကောင်းသောကြံစည်ခြင်းသူမယားကိုပြစ်မှားခြင်း မိန်းမလွတ်နှင့်မှားယွင်းခြင်း လူအသက်ကိုသတ်ခြင်း သူ့ဥစ္စာကိုခိုးခြင်း ငြူစူခြင်းသူ့အသရေကိုဖျက်ခြင်းထောင်လွှားစော်ကားခြင်းလျှပ်ပေါ်ခြင်းဤဆိုးညစ်သောအရာများတို့သည်အတွင်းမှထွက်လာ၍လူကိုညစ်ညူးစေသည်သာမက ဘုရားသခင်ရဲ့ရှေ့တော်မှောက်မှာစက်ဆုတ်ရွံရှာဘွယ်သောအရာဖြစ်တယ်. မာကု၇း၂၁-၂၃


လူတို့သည်ဘုရားသခင်ကိုယုံကြည်လက်ခံခဲ့ခြင်းမရှိခင်မှာကိုယ့်ရဲ့ဆန္ဒအတိုင်းအသက်ရှင်တဲ့အတွက်အပြစ်စီရင်ခြင်းနှင့်ကထိုက်သင့်ပါသည်။ ဧဖက် ၂း၃

အထက်ပုံပါတွေ့မြင်နေရတဲ့အတိုင်းလူတွေရဲ့နှလုံးသားမှာအပြစ်ဒုစရိုက်နဲ့ပြည့်နှက်နေတာကို တွေ့မြင်ရပါမယ်. (ခွေး)ဆိုတဲ့ရုပ်ပုံကဘာကိုဖေါ်ပြသလဲဆိုတော့ - တပ်မက်ခြင်း၊ခိုးခြင်းဝှက်ခြင်း၊ကိလေသာစိတ်ရှိခြင်း(မြွေ)ရုပ်ပုံ - ကဘာတွေဆိုလိုသလဲဆိုတော့ လိမ်လည်လှည့်ဖြားခြင်းဆဲရေးတိုင်းထွာခြင်း၊ သူတပါးရဲ့ အကြောင်းကိုမကောင်းသည့်ဖက်မှဂုံးချောခြင်း(ကျား)ရုပ်ပုံကဘာကို ဆိုလိုတာလည်း-မုန်းတီးခြင်း၊အမျက်ထွက်ခြင်းသူတပါးကိုဖျက်စီးအောင်ပြု ခြင်း(လိပ်)ရုပ်ပုံက-ပျင်းရိခြင်း(ဝက်)ရုပ်ပုံ-ကွဲကွာခြင်းတပ်မက်ခြင်း(ဆိတ်)ရုပ်ပုံ-နားမထောင်ခြင်း(ဒေါင်း)ရုပ်ပုံ-မာန်မာန တက်ခြင်း၊သူတပါးကိုအထင်သေးခြင်း၊စိတ်နှလုံးမိုက်မဲခြင်းဩတပစိတ်ကန်းခြင်းအကြောင်းကတော့စာတန်မိနာရ်သည်ဝိညာဉ်မျက်စိကိုပိတ်ဖုံးသကန်းစေသောကြောင့်ဖြစ်သည်. ၂ကော ၄း၄.
အဒီအတွက်ကြောင့်ဘုရားသခင်ရဲ့သန့်ရှင်းသောဝိညာဉ်တော်ကိုမမြင်နိုင်ဂျိုး၄က်-ကျွန်တော်တို့အပြစ်ဒုစရိုက်ကနေကင်းစင်တို့အတွက်ဘုရားသခင်ရဲ့နှတ်တော်ထွက်နှတ်ကပတ်တရားတော်(ကျမ်းစာ)ကိုလက်မခံပါ.










## လူတွေရဲ့အပြစ်ဒုစရိုက်နှင့်ညစ်ပေနေသောနှလုံးသားကိုကိုယ့်ကိုကိုယ့် သန့်ရှင်းစင်ကြယ်ခြင်းမပြု နိုင်.

သခင်ယေရှုကယဇ်ပုယောဟိတ်ကျမ်းတတ်ပုဂ္ဂိုလ်ဖာရိရှဲ့ဤကဲ့သို့ပြောခဲ့ တယ်သင်တို့သည်ကျမ်းစာတတ်ပုဂ္ဂိုလ်များဖြစ်ကြတယ် သူတော်ကောင်း များဖြစ်ကြတယ်လို့ကိုယ့်ကိုကိုယ်ယူဆကြတယ်ဒါပေမဲ့သင်တို့ဟာအဖြူ သုတ်သောအုတ်ဂူကဲ့သို့အပြင်ပန်းသဏ္ဍာန်ကတော့လှပပြီးတော့အထဲမှာ ကတော့ပုပ်ပျက်သောလူသေအရိုးတွေနဲ့ပြည့်နက်နေတယ်. လူတွေသူတော်စင်သူတော်ကောင်းဘုရားသခင်ရဲ့စိတ်တော်နဲ့တွေ့သော သူအဖြစ်နဲ့ဟန်ဆောင်ပြီးလှည့်ဖြားနေတယ်.အတွင်းစိတ်ကတော့ ကောက်ကျစ်စဉ်းလဲပြီးလိမ်လည်လှည့်ဖြားခြင်းနှင့်ပြည့်နက်နေတယ်. မဿဲ ၂၃း၂၇-၂၈

အထက်ပါရုပ်ပုံကမြေကြီးအောက်ကထွက်သောရေသည်နံ့၏ အ ကြောင်းကပုပ်သိုးနံ့စော်သောအရင်းအမြစ်ကထွက်လာခြင်းကြောင့် ဖြစ်သည်.ရေပိုက်ကိုဘယ်လောက်ပင်အဖြူ သုတ်နေပေါစေ ဒီရေက ကောင်းကြောင်းကိုပြောနေပေမဲ့ဘယ်တော့မှဒီရေကိုသန့်စင်အောင် မပြု လုပ်နိုင်ဘူးအကြောင်းကမကောင်းသောရေအရင်းအမြစ်က ထွက်လာခြင်းကြောင့်ဖြစ်သည်။ရေပိုက်ကကောင်းအောင်ပြု ပြင်နေ ပစေဖြစ်တာကရေပိုက်ထဲကရေဖြစ်နေတော့ရေကိုသန့်ရှင်းစင်ကြယ် အောင်ပြု လုပ်ရပါမည်။ထိုကဲ့သို့ဘဲလူ့အထဲမှရှိနေသောအပြစ်ဒုစ ရိုက်များကိုအဘယ်ကဲ့သို့သန့်ရှင်းစင်ကြယ်အောင်လုပ်ရမလဲ ?ဘယ် သူတဦးတယောက်ယောက်ကလူ့ရဲ့နှလုံးသားကိုပြု ပြင်ပြောင်းလဲ နိုင်သလဲ ?



## လူသားတွေကစာတန်မာနရဲ့ကျွန်ဖြစ်သွားပြီ

အစဦး၌လူတွေကဘုရားသခင်ရဲ့စကားကိုနားမထောင်ဘဲစာတန်မာ
နတ်ရဲ့စကားကိုနားထောင်သည့်အတွက်ကြောင့်စာတန်မာနတ်ရဲ့
အုပ်ချုပ်မှု အောက်သို့ရောက်ရှိသွားခြင်းဘဲဖြစ်တယ်.


မကောင်းမှု အပြစ်ဒုစရိုက်နှင့်ပြည့်နက်နေတဲ့ကမ္ဘာလောကကြီးထဲ၌
နေထိုင်ရခြင်းသည်ဘုရားသခင်ရဲ့စကားတော်ကိုမနာခံခြင်းကြောင့်
ဖြစ်သည်။ ဧဖက် ၂း၂

ယခုမျက်မှောက်အချိန်ကာလသည်. လူတွေနဲ့တိုက်လှန်ရခြင်း
မဟုတ်.စာတန်နတ်ဆိုးမှောင်မိုက်တန်ခိုးများနှင့်တိုက်လှန်ရခြင်း
ဖြစ်တယ်. ဧဖက် ၆း၁၂

ကမ္ဘာလောကကြီးသည်စာတန်ရဲ့လက်အောက်မှာရှိနေပေမဲ့
စိတ်နှလုံးထဲမှာစာတန်မာနတ်ရဲ့တန်ခိုးထက်ကြီးမားတဲ့ဘုရားရှင်
ရဲ့တန်ခိုးကရှိနေတယ်ဆိုတာကျွန်ုပ်တို့သိခဲ့ရတယ်. ၁ယော ၅း၁၉
ဒါပေမဲ့စာတန်ရဲ့ချည်နှောင်မှု ကနေလွတ်မြောက်ဘို့မစွမ်းဆောင်နိုင်.

လူတဦးဦးတယောက်ယောက်ကအပြစ်ဒုစရိုက်ကိုလုပ်ဦးမယ်ဆိုရင်
ထိုသူသည်စာတန်မာနတ်ရဲ့တပည့်လက်ပါစေဖြစ်တယ်.ဒါကြောင့်
ဘုရားသခင်ရဲ့သားတော်ယေရှုခရစ်တော်ကလောကီကိုဆင်းလာပြီး
စာတန်မာနတ်ရဲ့လုပ်ရပ်များကိုချိုးဖွဲ့ဖျက်ဆီးဖယ်ရှားဖို့ဖြစ်တယ်.
၁ယော ၃း၈

စာတန်မာနတ်ရဲ့တန်ခိုးအောက်မှာနေထိုင်သွားလာသောသူတို့သည်
ဆင်းရဲခြင်းခက်ခဲမှု နှင့်သေခြင်းတွေကိုတွေ့ကြုံခံစားရမှာဖြစ်ပါ
တယ်.



## လူတို့သည်သေ၍တရားစီရင်ခြင်းခံရမယ်.

လူတို့သည်အပြစ်ဒုစရိုက်တန်ခိုးရဲ့အောက်မှာရှိနေတဲ့အတွက်သေပြီး တာနဲ့တရားစီရင်ခြင်းခံရမယ်. ဧဖက် ၉း၂၇

လူတို့သည်လုပ်သည့်အတိုင်းအပြစ်စီရင်ခြင်းခံရမယ်.

အထက်ပါပုံကားချပ်အတိုင်းလူတစ်ယောက်အိမ်မက်မဲ့ခဲ့တယ်. ကျားတစ်ကောင် (အပြစ်ဒုစရိုက်ရဲ့သားကောင်)သူ့ရဲ့အနောက်ကနေ လိုက်ပြီးတော့ခုန်အုပ်တယ်. ကျားရဲ့ခုန်အုပ်မှုကနေလွတ်မြောက်ဖို့အ တွက်သစ်ပင်တစ်ပင်ရဲ့အမြစ်တခုကိုကျစ်ကျစ်ပါအောင်ဆွဲကိုင်ထား တယ်. မိကျောင်းတကောင်ကလည်းစားဘို့အတွက်အောက်ကနေ စောင့်နေတယ်. (သေခြင်းနှင့်အပြစ်စီရင်ခြင်း)ကြွက်၂ကောင်က (နေနဲ့ည)လူသားကိုင်ဆွဲထားတဲ့သစ်မြစ်ကို ကိုက်ဖြတ်နေတယ်. (အသက်ရှိခြင်းရဲ့နေ့ရက်ကာလများ)တနေ့လူသားကိုင်ထားသောသ စ်မြစ်သည်ကြွက်ကိုက်တဲ့အတွက်ကြောင့်ပြတ်တောက် သွားမယ်. ကျဒါနဲ့တပြို င်နဲ့အောက်မှာရှိသောမိချောင်းကလူကို ကိုက်ဖြတ်စားသောက်မှာဖြစ်တယ်. ဒါကြောင့်လူ့ဘဝအသက်တာ သည်ဘယ်သူတဦးတယောက်မှအပြစ်စီရင်ခြင်းကမလွတ်ကင်း နိုင်။

အစကဘုရားသခင်ခွင့်လွှတ်ပေးတယ် ဘားမျှနားမလည်တဲ့အ တွက်ကြောင့်ဖြစ်တယ်. ယခုတော့တပါးတည်းသောသားတော် ဖြစ်တဲ့ယေရှု ခရစ်တော်ကိုဤလောကသို့စေလွှတ်ပြီးသမ္မာတရားကို သိပြီးနောင်တရဘို့အတွက်လာရောက်အသိပေးခြင်းဖြစ်တယ်.အ ကြောင်းကလူသည်တစ်ခါတည်းသေ၍တရားစီရင်ခြင်းခံရ၏ ခရစ်တော်ကိုယ်တိုင်တရားစီရင်မည်ဖြစ်ပါသည်။
တမန်တော် ၁၇း၃၀,၃၁ အဖဘုရားသခင်သည်သားတော်ခရစ် တော်လက်ထဲသို့စီရင်ခြင်းအခွင့်တန်ခိုးနှင့်အရာခပ်သိမ်းကိုအပ်နှံ ထားတဲ့အတွက်ကြောင့်သေခြင်းတရားနှင့်အပြစ်တရားသည် ခရစ်တော်ကိုအစိုးတရမပြု နိုင်. အကြောင်းကခရစ်တော်သည် သေခြင်းတရားကိုအောင်ပြီးရှင်ပြန်ထမြောက်ခြင်းကြောင့်ဖြစ် သည်။




## သခင်ခရစ်တော်သည်ဘုရားသခင်ရဲ့ရှေ့တော်မှောက်မှာလူတွေ အတွက်ကူညီဖြေရှင်းပေးသောသူဖြစ်တယ်.

တပါးတည်းသောသားတော်ကိုစွန့်တော်မူသည့်တိုင်အောင်လောကီ သားတို့ကိုချစ်တော်မူ၏ .ထို့ကြောင့်ဘုရားသခင်၏သားတော်ကိုယုံ ကြည်သောသူအပေါင်းတို့သည်. ပျက်စီးခြင်းသို့မရောက်ထာဝရ အသက်ကိုရမည့်အကြောင်းတည်း။ ရှင်ယောဟန် ၃း၁၆

လောကီသားတို့သည်အပြစ်၏ချည်နှောင်ခြင်းမှလွတ်ငြိမ်းဖို့ရန်အ တွက်သားတော်ကိုလောကီသို့စေလွှတ်တော်မူ၏ ။

ဘုရားသခင်သည်သနားခြင်းဂရုဏာနှင့်ပြည့်စုံတော်မူတဲ့အတွက် ကြောင့်လောကီသားတို့ကိုအဖိုးအခမယူဘဲယေရှုခရစ်တော်ကြောင့် သူလက်ခံခဲ့တယ်. ထို့ကြောင့်ဘုရားသခင်သည် အပြစ်ကျွန်ဘဝက နေလွတ်ငြိမ်းခွင့်ပေးလိုက်ပြီ။ ရောမ ၃း၂၄




## ခရစ်တော်ရှင်သည်အနာရောဂါများကိုငြိမ်းသတ်ဖို့အတွက်တန်ခိုး နှင့်ပြည့်စုံတော်မူသောသူဖြစ်တယ်.

ဘုရားသခင်ရဲ့ဝိညာဉ်တော်သည်ခရစ်တော်အထဲ၌တည်ရှိသည်အ တွက်ကြောင့်ခရစ်တော်သည်တန်ခိုးနှင့်ပြည့်စုံပြီးအံ့သြဘွယ်ရာ အမှုများပြု လုပ်နိုင်သည်။

ဘုရားသခင်သည်ယေရှုခရစ်တော်ကိုသန့်ရှင်းသောဝိညာဉ်တော် တန်ခိုးဖြင့်သွန်းလောင်းသည့်အတွက်ကြောင့်ခရစ်တော်သည်အနာ ရောဂါများကိုငြိမ်းစေသည်။စာတန်ရဲ့ချည်နှောင်သောသူများတို့ကို လည်းလွတ်ငြိမ်းခွင့်ပေးလိုက်တယ်. အကြောင်းကဘုရားသခင် သည်ခရစ်တော်နှင့်အတူရှိခြင်းကြောင့်ဖြစ်သည်။
(တမာန်တော် ၁၀း၃၈)

ခရစ်တော်သည်လောကီသို့ဆင်းလာသောအချိန်တွင်မြို့ ရွာ၌ရှိ သောယုဒလူမျိုးများထံသို့သွားပြီးတော့ဧဝံဂေလိသတင်းကောင်း ကိုဝေငှသည်သာမကအနာရောဂါများကိုလည်းငြိမ်းစေတယ်.
(မဿဲ ၉း၃၅)

ခရစ်တော်ရှင်ပြု ခဲ့သောအမှု တွေကမျက်စိကန်းသောသူကိုမြင်စေ တယ်. ကိုယ်တပိုင်းသေသောသူကိုလမ်းလျှောက်စေတယ်. နူနာ ရောဂါစွဲသောသူများကိုပျောက်ကင်းစေတယ်. နားပင်းသောသူ များကိုကြားစေတယ်.သေသောသူကိုရှင်ပြန်ထမြောက်စေတယ်. ဆင်းရဲသူဆင်းရဲသားများတို့ကိုလည်းဧဝံဂေလိသတင်းကိုဝေငှ ခဲ့ပါတယ်. (မဿဲ ၁၁း၄,၅)




# ခရစ်တော်ရှင်သည်နတ်ဆိုးဝိညာဉ်ဆိုးများအပေါ်၌အာဏာတန်ခိုးရှိသည့်အတွက်ကြောင့်နတ်ဆိုးများကိုမောင်းထုတ်နိုင်သည်။

နေဝင်၍ညအချိန်ရောက်လျှင်မကျန်းမာသောသူနတ်ဆိုးစွဲသောသူရှိသမျှတို့ကိုအထံတော်သို့ဆောင်ခဲ့၍တမြို့လုံးသည်ထံခါးနားမှာစုဝေးလျက်ရှိကြ၏။ခရစ်တော်ရှင်သည်အနာရောဂါများကိုငြိမ်း၍နတ်ဆိုးများကိုနှင်ထုတ်တော်မူ၏။ နတ်ဆိုးတို့သည်ကိုယ်တော်ကိုသိသောကြောင့်စကားတခွန်းကိုမျှပြောစေခြင်းငှါခွင့်ပေးတော်မမူ. မာကု ၁း၃၂-၃၄

ညစ်ညူးသောနတ်ဆိုးတို့သည်လည်းကိုယ်တော်ကိုမြင်သောအခါပြပ်ဝတ်၍ကိုယ်တော်သည်ဘုရားသခင်၏သားတော်ဖြစ်တော်မူသည်ဟုဟစ်ကြော်ကြ၏။ မာကု ၃း၁၁

ထို့ထက်မကခရစ်တော်သည်တပည့်တော်များကိုအခွင့်အာဏာတန်ခိုးပေး၍တပါးသူကိုကူညီမစဖို့ရန်အတွက်ဂုင်းဧဝံဂေလိသတင်းကောင်းတည်းဟူသောဘုရားသခင်ရဲ့နိုင်ငံတော်အကြောင်းကိုဝေငှဖို့ရန်အတွက်စေလွှတ်တော်မူ၏။

စေလွှတ်ခံတပည့်၁၂ပါးကလည်းခရစ်တော်ဆီပြန်လာပြီးသက်သေခံကြတယ်.ကိုယ်တော်ရဲ့နာမတော်ကိုအော်ခေါ်သောအခါနတ်ဆိုးတို့သည် နားထောင်ကြပါ၏။ ယေရှုလည်းစာတန်သည်လျှပ်စစ်ကဲ့သို့ကောင်းကင်မှကျသည်ကိုငါမြင်ပြီ။ (လုကာ ၁၀း၁၇-၁၈)



## ခရစ်တော်သည်လူထုပရိတ်သတ်များကိုအရေးကြီးသော သွန်သင်ချက်များကိုသွန်သင်ခြင်း

တဖန်တုံယေရှုကငါသည်ဤလောက၏အလင်းဖြစ်၏ငါ့နောက်သို့ လိုက်သောသူသည်မှောင်မိုက်၌မသွားမလာရ။ အသက်၏အလင်းကို ရလိမ့်မည်။ (ရှင်ယောဟန် ၈း၁၂)

ငါမူကားသိုးတို့သည်အသက်လွတ်ရုံမျှမကအထူးသဖြင့်အသက်နှင့် ပြည့်စုံခြင်းငှါလာသတည်း။ (ရှင်ယောဟန် ၁၀း၁၀)

ယေရှုကလည်းဝန်လေး၍ပင်ပန်းသောသူအပေါင်းတို့ငါ့ထံသို့လာကြ လော့၊ ငါသည်ချမ်းသာပေးမည်။ (မဿဲ ၁၁း၂၈-၃၀)

ကိုယ့်ကိုပြုချင်သည့်အတိုင်းသူတပါးကိုပြုကြလော့။ (လုကာ ၁၀း၃၁)

သင်တို့သည်သူတပါး၏အပြစ်ကိုလွတ်လျှင်ကောင်းကင်ဘုံ၌ရှိတော် မူသောသင်တို့အဖသည် သင်တို့၏အပြစ်ကိုလွတ်တော်မူမည်။သင် တို့သည်သူတပါး၏အပြစ်ကိုမလွတ်လျှင်သင်တို့အဘသည်လည်း သင်တို့၏အပြစ်ကိုလွတ်တော်မမူ။ (မဿဲ ၆း၁၄-၁၅)

သူတပါးသည်သင်တို့ကိုပြစ်မှားလျှင်ကိုယ်တိုင်အပြစ်ပြန်၍မတုန့်ကြ နှင့်အဆိုးအားဖြင့်အရှုံးမခံနှင့်အကောင်းအားဖြင့်အဆိုးကိုနိုင်လော့။ (ရောမ ၁၂း၁၉-၂၁)

ခရစ်တော်ရှင်သည်ကျွန်ုပ်တို့ကိုအကြီးဆုံးပညတ်တော်၂ပါးကိုသွန် သင်ခဲ့သည်။သင်၏ဘုရားသခင်ထာဝရဘုရားကိုစိတ်နှလုံးအကြွင်း မဲ့ညဏ်ရှိသမျှနှင့်ချစ်လော၊ကိုယ်နှင့်စပ်ဆိုင်သောသူကိုကိုယ်နှင့်အ မျှချစ်လော့။ (မဿဲ ၂၂း၃၇-၃၉)



# ကမာမြေကြီးပေါ်၌ခရစ်တော်လုပ်ခဲ့သောအရာများ

## ခရစ်တော်သည်တမန်တော်အမှု ကိုပြု ခဲ့သည်သာမကကျွန်ုပ်တို့ကို အပြစ်ကနေလွတ်ငြိမ်းခွင့်ပေးတယ်.

ခရစ်တော်သည်လောကီသို့ဆင်းလာသောအချိန်တွင်သူတပါးကို အစေစားခြင်းငှါလာသည်မဟုတ်သူတပါးအစေကိုခံခြင်းငှါလင်း မိမိအသက်ကိုစွန့်၍လူများကိုရွေးခြင်းငှါကြွလာသတည်း။ (မာကု ၁၀း၄၅.)

## ခရစ်တော်သည်လောကီသားတွေရဲ့အပြစ်များကိုသူထမ်းခဲ့တယ်.

ခရစ်တော်ရှင်သည်ငါတို့အပြစ်အကျွန်ဘဝကနေလွတ်ငြိမ်းဖို့ရန် အတွက်ငှင်း အသက်တာသစ်၌အသက်ရှင်နိုင်ဖို့ရန်ငှင်း လက်ဝါး ကပ်တိုင်ထက်၌အသက်ပေးစတေးပြီးတော့ချေခဲ့တယ်.ဒဏ်ချက် တော်အားဖြင့်သင်တို့သည်အနာပျောက်ချက်ရှိကြ၏။ (၁ပေ ၂း၂၄.)

အဘယ်ကြောင့်နည်းဟူမူကားဘုရားသခင်သည်အပြစ်နှင့်ကင်းစင် သောသူကိုငါတို့အတွက်ကြောင့်အပြစ်ရှိသောသူဖြစ်စေတော်မူ၏။ အကြောင်းမူကားငါတို့သည်ထိုသူအားဖြင့်ဘုရားသခင်ရှေ့တော်၌ ဖြောင့်မတ်သောသူဖြစ်မည့်အကြောင်းတည်း။ (၂ ကော ၅း၂၁.)

## ခရစ်ေ တာ်သည်မကောင်းမှုဒုစရိုက်မှောင်မိုက်တန်ခိုးများကို အောင်ခဲ့တယ်.

ကုသခြင်း၊နတ်ဆိုးများကိုနှင်ထုတ်ခြင်း၊ သေသူများကိုရှင်ပြန်ထ မြောက်ခြင်း၊ ဤအရာသည်ဘုရားသခင်အားဖြင့်အပြစ်နှင့်မှောင် မိုက်တန်ခိုးများအပေါ်၌အောင်နိုင်ခြင်းဖြစ်ကြောင်းပြသပ်ခြင်းဖြစ် တယ်.ဘုရားသခင်ရဲ့ကျေးဇူးတရားအောက်၌အသက်ရှင်သောသူ မှန်သမျှတို့သည်စာတန်သည်သူ့ကိုအုပ်စိုးလို့မရတော့ပါ။ (ကောလောသဲ ၂း၁၅.)



## သေခြင်းမဇ္ဈုမာန်ကိုအောင်မြင်၍ရှင်ပြန်ထမြောက်ခြင်း

ဤအရပ်၌မရှိ ထမြောက်တော်မူပြီ။လူသားသည်ဆိုးသောသူတို့
လက်သို့အပ်နှံခြင်း၊ လက်ဝါးကပ်တိုင်မှာအသေသတ်ခြင်းကိုခံရမည်
သုံးရက်မြောက်သောနေ့၌ထမြောက်လိမ့်မည်။ (လုကာ ၂၄း၆,၇)

ခရစ်တော်ရှင်ပြန်ထမြောက်သောအရာသည်လျို့ဝှက်၍မရပါ.ရောမ
စစ်သားပင်လျှင်ခရစ်တော်သည်သင်္ချိုင်းမှသေခြင်းကနေရှင်ပြန်ထ
မြောက်တော်မူပြီးသေခြင်းကိုအောင်နိုင်ခြင်း၊ သေခြင်းသည်သူ့ကို
အုပ်စိုးလို့မရ၊ ပေါလုနှင့်အပေါင်းပါတွေကမျက်ဝါးထင်ထင်မြင်
တွေ့ရတယ်လို့ကျမ်းစာတော်မြတ်ကဖော်ပြထားပါတယ်.
(တမန်တော် ၂း၂၄-၃၂, ၁ကော ၁၅း၃-၈.)

ဗျာဒိတ်ကျမ်းရေးသားသောသူကဖော်ပြထားပါတယ်. ခရစ်တော်
ကငါသည်အာလဖဖြစ်၏၊ ဩမေဃလည်းဖြစ်၏၊ ငါသည်အဦးဆုံး
သော သူနောက်ဆုံးသောသူဖြစ်၏ အသက်ရှင်သောသူလည်းဖြစ်၏
ငါသည်အရင်သေသည်ဖြစ်၍ ကမ္ဘာအဆက်ဆက်အသက်နှင့်ပြည့်
စုံ၏ ။ မရဏာနှင့်မရဏာနိုင်ငံကိုလည်းငါအစိုးရ၏ ။
(ဗျာဒိတ် ၁း၁၇-၁၈)



## သခင်ယေရှုသည်မှောင်မိုက်တန်ခိုးတွေထက်ကြီးမြတ်တယ်.

ထိုသခင်သည်ကောင်းကင်တမန်အစရှိသောအာဏာစက်တန်ခိုးများတို့ကို အုပ်စိုးလျက်ဘုရားသခင်၏ လက်ျာတော်ဘက်၌ရှိတော်မူ၏ ။ (၁ ပေ ၃း၂၂)

ယေရှု သခင်သည်တပည့်တော်များအပေါ်သို့ရင်းသူကိုယုံကြည်သောသူအပေါင်းတို့အပေါ်သို့ရင်းမကောင်းဆိုးဝါးမှောင်မိုက်တန်များကိုနိုင်ရသောအခွင့်ကိုပေးတော်မူ၏ ။တခါကပေါလုသည်ဝတ်ပြု စည်းဝေးသို့သွားနေသောအချိန်နက်ဆိုးစွဲနေသောမိန်းမငယ်တယောက်ပေါလုကိုလာရောက်နှောက်ယှက်တဲ့အတွက်စိတ်မသာလျက်လှည့်ပြီးတော့သင်သည်သူ၏ အထဲမှာထွက်သွားလော့ဟုပေါလုကယေရှုသခင်၏ နာမတော်အားဖြင့်နှင်ထုတ်တော်မူ၏ နတ်ဆိုးကလဲတမဟုန်ခြင်းထွက်သွားတော်မူ၏ . (တမန် ၁၆း၁၈.)

## အသက်တာသစ်၌အသက်ရှင်ဖို့အတွက်ယေရှုသခင်အလိုရှိတယ်.

ယေရှုခရစ်တော်သည်ပညတ်တော်များဘဲလိုက်ရောက်ဖို့အလိုရှိတာမဟုတ်. အသက်တာသစ်၌အသက်ရှင်ဖို့အလိုရှိပါတယ်. ဒါပေမဲ့အပြစ်တရားကချည်နှောင်သေးတဲ့အတွက်အသက်တာသခင်၌အသက်ရှင်ဖို့အတွက်အင်အားနှင့်တန်ခိုးများမရှိတော့ပါ။ ထို့ကြောင့်ယေရှုသခင်သည်ကျွန်ုပ်တို့အထဲသို့သန့်ရှင်းသောဝိညာဉ်တော်ကိုစီးဆင်းစေပြီးပြု ပြင်ပြောင်းလဲသောအသက်တာနှင့်ခရစ်တော်နှင့်တူလာသောအသက်တာသို့ပုံသွင်းပြု ပြင်ပေးသည်။



## ခရစ်တော်သည်ဘုရားသခင်ထံသို့ရောက်ရှိဖို့ရန်အတွက် တခုတည်းသောလမ်းဖြစ်သည်။

ယေရှုကငါသည်လမ်းခရီးဖြစ်၍သမ္မာတရားလည်းဖြစ်၏ ။အသက်လည်းဖြစ်၏ ။ငါ့ကိုအမှီမပြု လျှင်အဘယ်သူမျှခမည်းတော်ထံသို့ မရောက်ရ. (ရှင်ယောဟန် ၁၄း၁၆)

ပေတရုနှင့်တပည့်တော်တို့ကလည်းသင်တို့၏ အပြစ်ကိုလွှတ်ခြင်း ငှါနောင်တရ၍တယောက်မျှမကြွင်းယေရှုခရစ်၏ နာမ၌ဗတ္တိဇံကိုခံကြလော့။ (တမန်တော် ၂း၃၈-၃၉)

သားတော်ကိုယုံကြည်သောသူသည်ထာဝရအသက်ကိုရ၏ ။ (ရှင်ယောဟန် ၃း၃၆)

## တသက်တာကိုပြောင်းလဲဖို့အတွက်ဘုရားကိုအခွင့်ပေးပါ။

သင်တို့သည်လောကီပုံသဏ္ဍာန်ကိုမဆောင်ကြနှင့်။ ကောင်းမြတ်သောအရာနှစ်သက်ဘွယ်သောအရာ၊ စုံလင်သောအရာတည်းဟူသော ဘုရားသခင်အလိုတော်ရှိသောအရာသည် အဘယ်အရာဖြစ်သည်ကို သင်နိုင်မည်အကြောင်း၊ စိတ်နှလုံးကို အသစ်ပြင်ဆင်၍ ပုံသဏ္ဍာန်ပြောင်းလဲခြင်းသို့ရောက်ကြလော့။ (ရောမ ၁၂း၁-၂)



## ဘုရားသခင်သည်ငါတို့အပြစ်များကိုလွှတ်၍စိတ်နှလုံးအသစ်ကိုပြင်ဆင်လျှင်သတ္တဝါသစ်ကိုဖြစ်စေ၏။

ယုံကြည်သောအားဖြင့်ကျေးဇူးတော်ကြောင့်ကယ်တင်ခြင်းသို့ရောက်ရ၏။ (ဧဖက် ၂း၈)

လူမည်သည်ကား၊ ခရစ်တော်၌ရှိလျှင်အသစ်ပြု ပြင်သောသတ္တဝါဖြစ်၏။ ဟောင်းသောအရာတို့သည်ပြောင်းလဲ၍ ခပ်သိမ်းသောအရာတို့သည် အသစ်ဖြစ်ကြပြီ။ (၂ကော ၅း၁၇)

ထိုသူကိုလက်ခံသမျှသောသူတည်းဟူသော ကိုယ်တော်ကို ယုံကြည်သောသူတို့အား၊ ဘုရားသခင်၏သားဖြစ်ရသောအခွင့်ကိုပေးတော်မူ၏။  (ရှင်ယောဟန် ၁း၁၂-၁၃)

သတ္တဝါသစ်ဖြစ်ရခြင်းအကြောင်းရင်းသည် ကောင်းမြခြင်းကိုလုပ်လို့မဟုတ်၊ ရာထူးရာဂန်ရှိလို့မဟုတ်၊ ရွှေငွေပစ္စည်းဥစ္စာရှိလို့မဟုတ်၊ ဤအရာများသည်အရေးမကြီးပါ။ အရေးကြီးဆုံးအရာသည်ခရစ်တော်ရှင်ကို ကျွန်ုပ်တို့နှလုံးထဲသို့ဝင်ရောက်ပြီးအုပ်စိုးခွင့်ပေးခြင်းဖြစ်ပါသည်။



## ခရစ်တော်ရှင်သည်ငါတို့နေဖို့ရန်အတွက်နေရာသွားပြီးပြင်ဆင်ပေးသည်။

ငါ့အဘ၏အိမ်တော်၌နေစေရာအခန်းအများရှိ၏။သို့မဟုတ်လျှင်မဟုတ်ကြောင်းကိုသင်တို့အားငါမပြောဘဲမနေ။ သင်တို့နေစရာအရပ်ကိုပြင်ဆင်ခြင်းငှါငါသွားရ၏။ သင်တို့နေစရာအရပ်ကိုပြင်ဆင်ပြီးမှတဖန်လာပြန်၍ငါရှိရာအရပ်၌သင်တို့ရှိစေခြင်းငှါသင်တို့ကိုငါထံသို့သိမ်းဆည်းမည်။ ယောဟန် ၁၄း၂-၃

## ခရစ်တော်ကိုလက်ခံပြီးချစ်သောသူသည်သူနှင့်အတူရှိလိမ့်မည်။

ကိုယ်တော်ကိုလက်ခံသမျှသောသူတို့သည် မိုးတိမ်ပေါ်သို့ချီဆောင်ခြင်းခံရ၍သခင်ဘုရားနှင့်အတူအစဉ်မပြတ်နေရပါလိမ့်မည်။
(၁သက် ၄း၁၆-၁၇)

အထက်ဖေါ်ပြပါရုပ်ပုံအတိုင်းအပြစ်ခွင့်လွှတ်ခြင်းကိုရရှိ၍ခရစ်တော်နှင့်အတူနေရသော အခွင့်ကိုပေးတော်မူ၏။
(ဗျာဒိတ် ၂၀း၁၁-၁၅ . ဗျာဒိတ် ၂၁း၄.)

ယေရှုကလည်းငါအသံကိုကြား၍တံခါးကိုဖွင့်အံ့ထိုသူရှိရာသို့ငါဝင်၍သူနှင့်အတူစားသောက်လိမ့်မည်။ သူသည်လည်းငါနှင့်အတူစားသောက်ရလိမ့်မည်။ (ဗျာဒိတ် ၃း၂၀)

# ချစ်သောညီအစ်ကိုတို့

ခရစ်တော်ရှင်ကိုဖိတ်ခေါ်ချင်တယ်ဆိုရင်ယခုပင်လျှင်နှလုံးသား
တခါးကိုဖွင့်၍ခေါ်ဖိတ်လက်ခံလို့ရပါသည်။အောက်ပါဆု
တောင်းခြင်းအားဖြင့်ခေါ်ဖိတ်လက်ခံနိုင်သည်။

ဆုတောင်းခြင်းသည်မန်းမှုတ်သောအရာမဟုတ်ဆုတောင်း
ခြင်းသင့်ရဲ့နှလုံးသားအတွင်းမှယိုဖိတ်လာသောအရာဖြစ်၍စ
ကားလုံးအားဖြင့်ဖော်ပြနေခြင်းဖြစ်ပါသည်။ ဘုရားသခင်ကို
နှလုံးသားထဲသို့ခေါ်ဖိတ်လက်ခံခြင်းသာဖြစ်သည်။

ခရစ်တော်ရှင်သည်ဝင်လာသောအခါသင်ပြုခဲ့သောအပြစ်ဒုစ
ရိုက်များကို ဆေးကြောသုတ်သင်ရှင်းလင်းပေးမှာဖြစ်ပါသည်။
အသက်တာသစ်သို့ပြောင်းလဲပြီး ဘုရားသားဖြစ်ရသောအခွင့်
ကိုပေးတော်မူမည်။ အသက်သာသစ်နှင့်အသက်ရှင်ပြီး
ဘုရားသခင်နှင့်အတူနေရပါလိမ့်မည်။

ခရစ်ယာန်တွေကကျမ်းစာအရာသည်ထာဝရအသက်လို့ခေါ်ဆိုပြီး
ဘုရားသခင်သည်သင့်ကိုတနေ့ပြီးတနေ့ပို့ဆောင်တော်မူလိမ့်
မည်။ ဆုတောင်းခြင်းသည်ကျမ်းအရာတစုတည်းသာမကဘုရား
သခင်နှင့်အမြဲတမ်းတောင်းလျှောက်ပြီးစကားပြောနိုင်ပါသည်။

အောက်ဖော်ပြပါစာပိုဒ်အတိုင်းစတင်ဆုတောင်းနိုင်ပါသည်။

မြင့်မြတ်၍သန့်ရှင်းစင်ကြယ်တော်မူသောထာဝရဘုရား
နှလုံးသားကိုဖွင့်၍ခရစ်တော်ရှင်ကိုမိမိရဲ့ကယ်တင်ရှင်
အဖြစ်ခေါ်ဘိတ်လက်ခံပါ၏။ အပြစ်ဒုစရိုက်ကနေကင်း
ဝေးစေလျက်အသက်တာ၌ပြစ်မှားကျူးလွန်ခဲ့မိသော
အပြစ်များကို ခွင့်လွှတ်စေလျက်အသက်တာသစ်၌ရှိခဲ့
သောမှောင်မိုက်တန်ခိုးများကိုမောင်းထုတ်ပေးပါ။
ဘုရားရှင်တစ်ဦးထဲသာလျှင်အမြင့်ဆုံးသောဘုရားအ
ကျွန်ုပ်ကိုပြု ပြင်ပြောင်းလဲပြီးတော့ထိုထက်မကအသက်
တာသစ်၌ကျင်လည်ဘို့ရန်အတွက်ခွန်အားကိုပေးပါ
ခရစ်တော်၏နာမတော်၌ဆုတောင်းပါ၏။

ဘုရားသခင်နှင့်စကားပြောပြီးဆုတောင်းပဌနာပြု လျက်
ဘုရားသခင်ရှဲနှုတ်ကပတ်တရားတော်ကျမ်းစာတော်
မြတ်ကိုနေ့ရှိသ၍ဖတ်ရှုလေ့လာလျက် ခရစ်တော်နှင့်
အတူအိမ်ထဲမှာလဲဖြစ်ဖြစ်ဘုရားကျောင်းမှာဘဲဖြစ်ဖြစ်
မိတ်သဟာယဖွဲ့ပါ။

******* အာမင်ပြည့်စုံပြီ။

# ခရစ်တော်ကြောင့်အောက်ဖော်ပြပါအရာများနှင့်လွတ်ကင်းသွားပြီး



# ခရစ်တော်ကြောင့်အရာများနှင့်လွတ်ငြိမ်းသွားပြီ.

(၁) အပြစ်ဒုစရိုက်နဲ့ကင်းလွတ်သွားတယ်. အပြစ်များကိုခွင့်လွှတ်ခြင်းခံခဲ့တယ်.ယုံကြည်ခြင်းကြောင့်ဖြောင့်မတ်သောသူဖြစ်သွားပြီ။
(ရောမ ၃း၂၃-၂၅ , မာကု ၂း၁၀.)

(၂) မှောင်မိုက်တန်ခိုးများနှင့်လွတ်ကင်းသွားသည်။ စာတန်ရဲ့တန်ခိုးအောက်ကနေလွတ်ကင်းပြီးဘုရားသားဖြစ်ရသောအခွင့်ကိုရရှိတယ်.
(၁ ယော ၃း၈ , ယော ၁း၁၂-၁၃.)

(၃) သေခြင်းကနေလွတ်မြောက်သွားတယ်. သေခြင်းကိုအောင်ပြီးတော့ထာဝရအသက်ကိုရရှိခံစားရတယ်. (ယော ၃း၁၆ ,
ယော ၁၀း၁၀.)

(၄)ဒုက္ခဆင်းရဲခြင်းကနေလွတ်ကင်းသွားတယ်. ကမ္ဘာမြေကြီးတွင်ဒုက္ခဆင်းရဲခြင်းအမျိုးမျိုးရှိပါ၏။ ဒါပေမဲ့ခရစ်တော်ရှင်ကဤဒုက္ခဆင်းရဲခြင်းကြားကနေစိတ်ရဲ့ငြိမ်သက်ခြင်းချမ်းသာခြင်းကိုပေးတယ်. သန့်ရှင်းသောဝိညာဉ်တော်ကိုစေလွှတ်ခြင်းအားဖြင့်ဘဝရဲ့အောင်မြင်ခြင်းသို့ပို့ဆောင်မှာဖြစ်ပါတယ်.
(ယော ၁၄း၁၆-၁၈, ၂၆-၁၇ , ရောမ ၈း၁၈.၂၆, ဖိ ၄း၆-၇.)

(၅) မျော်လင့်ခြင်းကင်းမဲ့သောဘဝမှ လွတ်ငြမ်းခွင့်ပေးပြီးမျော်လင့်ခြင်းနှင့်ပြည့်ဝသောအသက်တာဘုရားသခင်ရဲ့အလိုတော်နှင့်ပြည့်ဝသောအသက်တာကိုဖြစ်စေတယ်.
အချည်းနည်းအထီးကျန်ဘဝကနေလွတ်ငြိမ်းခွင့်ပေးပြီးတော့ဘုရားသခင်ငါတို့နှင့်အတူရှိတဲ့အတွက်ကြောင့်သူ့ထံသို့အမြဲတမ်းဆုတောင်းခြင်းပဌနာပြု ခြင်းအော်ခေါ်ခြင်းပြု နိုင်ပြီ။

# ရှာရန်

တႆး - Shan

ကညီ Karen

Wa

Lahu

ไทย –Thai

Poe Karen (Thai)

## พิมพ์โดย

ActsCo Printing

12/89-91 หมู่ที่ 3 ต.สันกลาง อ.สันกำแพง จ.เชียงใหม่

Email: moreinfo@actsco.org Website: www.actsco.org

